IDEA
စိတ်ကူးသစ်စာပေ

# ကဖိုးဘီ

## ဗီယက်နမ်မှာ ရေးတဲ့စာနှင့် သရော်စာများ





# ဗီယက်နမ်မှာ ရေးတဲစာ

## (၁)

အရွေးချယ် ခံလိုက်ရပါပြီ။ သင်တန်းတက်ဖို့ ရွေးလိုက်ပါပြီတဲ့ ။ ဗီယက်နမ်မှာ တဲ့ ဗျာ။

“ဟဲ့ … ငါ့မှာ က ဘီပိုးနဲ့ ဆေးကျမှာ ပေါ့။ အဆင်မပြေဘူးလေ။ ဘယ့်နှယ့် ငါ့ကို သင်တန်း ရွေးတာတုန်း”

“ဟာ … ဆရာကလည်း နိုင်ငံခြားသင်တန်းတွေမှာ ဘီပိုးမစစ်ဘူးဗျ” တဲ့ ။ ဪ … မြန်မာ ပြည်လောက်မှ စည်းစနစ် မရှိကြပါလား။ မြန်မာပြည်မှာ ဆိုရင် အဓိက ကိုယ်ကျင်လည်ခဲ့တဲ့ နေရာ ပေါ့လေ။ သင်တန်းဆို ၉၆ အပေါင်း ၁၁၁ ပါးသော အပေါင်း ရောဂါမှန်သမျှ စစ်တာကလား။ ကိုယ် တောင် ဘီပိုးဆိုတာကြီးကြောင့် ကျောခိုင်းခဲ့ရတာပဲလေ ။ ဟုတ်ပါပေတယ်လေ။

ဘီပိုးရှိနေရင် ထမင်းမစားနိုင်၊ ရေမသောက်နိုင် (အရက်နဲ့ အမြည်းက လွဲလို့ ) အပင်ပန်းမခံ နိုင် (Night Club မှာ မိုးတစ်လင်း ဒွန့်နိုင်တာက လွဲလို့ ) မသယ်နိုင်၊ မပိုးနိုင် (KTV က ကောင်မ လေးတွေက လွဲလို့ ) . .. လူရာမဝင်လောက်သော ဝေဒနာရှင်များ ပေမို့ တာဝန်ပေးဖို့ ဘယ်သင့်ပ့ါမလဲ လေ။

ဒါနဲ့ ပဲ လူမမာဂိလာနများ လက်ခံရာ အခြားအခြားသော ဌာနများ

သို့ ပြောင်းရပါရောလား၊ ဟိုဘက်ဌာနတွေ ရောက်တော့လည်း နဂိုမူလ ဘူတများ ရဲ့ မေတ္တာဓာတ်တွေနဲ့ နေလို့ ကောင်း၊ ထိုင်လို့ သာ။ မိုးကျရွှေ ကိုယ်များ ဘာသိ ဘာတတ်တာမှတ်လို့ ဆိုသကိုးဗျ။ ဒါပေ့ါလေ ကြားဖြ တ်ဝင်တယ် ဆိုတာ ဟိုတုန်းကတည်းက ကြိုက်မှ မကြိုက်ခဲ့ကြတာ။ အဲ ... ထားပါတော့။

ခုက သင်တန်းဆိုတော့ အရင်အကြောင်းတွေ တွေးရင်း ဆေးကျမှာ ကြောက်မိတာပါ။ ဒီ တစ်ခါ ဆေးထပ်ကျရင် ဘယ်မှ ပြောင်းလို့ ရတော့ မှာ မဟုတ်ဘူး ။ ဘဝတစ်ပါးပဲ ရှိတော့တယ်။

ဒါနဲ့ သင်တန်းသွားဖို့ သက်ဆိုင်ရာ ဌာနတွေကို သတင်းပို့ရတယ်ပေ့ါ။ ဘာကြေးဆိုလား ... ညာကြေးဆိုလား ၁ သောင်း ခွဲတဲ့ ။ ပေးရမှာ ပေ့ါ။ သူတို့ ခများမှာ သူ့မိဘတွေက ဆိုင်ကယ်အတွက် ဆီ ကို ရွာမှာ ကြိတ်ပြီး ပို့လို့ မှ မရတာ။ ဟိုရုံးပြေး၊ သည် ရုံးပြေး ကုန်မှာ ပေ့ါ။ ပေးရမှာ ပေ့ါ ... ရော့ ... အင့် ... ။

နောက်ဆက်တွဲ စိတ်ချမ်းသာဖွယ် စကားလေး ထပ်ကြားရတာက ... သင်တန်းမို့လို့ နိုင်ငံတော်က ဘာတစ်ပြားမှ မပေးပါဘူးခင်ဗျာ ... တဲ့ ... ။

“အို... မောင်ရင်... ကိစ္စမရှိဘူး၊ ကျုပ်တို့ က နိုင်ငံတော်ဆီက ဘာရချ င်ပါတယ် ... ဘာရ, ရပါလို၏ ဆိုတဲ့ မျှော်ကိုးချက်နဲ့ အလုပ်လုပ်တာ မ ဟုတ်ဘူး ။ No Prob ပါ”

ထိုအချိန်မှ စ၍ အိမ်သူသက်ထားကို မေတ္တာ ပို့လွှတ်ရပါတော့တယ် ။ သို့မှ သာ ကူရာကယ်ရာ လေး ရပေမကိုးဗျ။

ပြန်စဉ်းစားကြည့်တော့လည်း ဟုတ်ပါတယ်လေ။ ပြည်တွင်းသင်တ န်းတွေဆို ခရီးသွားဝရမ်း နဲ့ ချီတက်၊ ဟိုရောက်တော့ Movement Order

(MO) ပြရင် ရိက္ခာစားထိုးပြီး ကျွေးတဲ့ အလေ့ အထမှာ ကြီးပြင်းခဲ့ဖူးတာပဲ။ ခုလက်ရှိ နေရာမှာ ဆိုလည်း ဝရမ်းရှိတာပဲ။ ဒီသင်တန်းအတွက်ဆိုလည်း လေယာဉ်လက်မှတ်က စပွန်ဆာရှိတယ်။ ဟိုရောက်တော့ သူတို့ ကျွေးတာ စားမယ်၊ ဘာလိုဦး မှာ လဲ။

ဟင် ... ငါ ဟိုတစ်ခါ ဘန်ကောက်လေဆိပ်ကို ရုပ်နီတွေ သိမ်းတုန်းက ကိုရီးယားမှာ ရက် (၂၀) လောက် ပိတ်မိတယ်။ စားရမဲ့ သောက်ရမဲ့ ဖြစ်ဖူးတယ်။ အို ... ဆစ်ဒနီမှာ တုန်းက ဟိုတယ်က Deposit တောင်းလို့ သောက်ရက်ကွဲဖူးတယ်။ အဲ့လိုတွေ ကြုံရင် ဘယ့်နှယ့် လုပ်မလဲ။ ဩော် . .. င့ါနှယ် မေ့နေလိုက်တာ။ ဒါကြောင့် မိန်းမကို မေတ္တာပို့နေတာ မဟုတ်ဘူး လား ... ခိခိ ... ကိုယ့် ဟာကိုယ် တွေးရင်း ရယ်မိတယ်။ ဘယ်လို အခက်အခဲကြုံကြုံ မြန်မာပဲလေ ... သောက်ရက် ဘေး ဖယ် ရင်ဆိုင်ရုံပေါ့ ဟ။

ဒီလိုနဲ့ ရန်ကုန်ရွှေမြို့တော်... အဲ... ရွှေမြို့တော်ကြီးကို ရောက်ပါပေါ့ ။ အေးဆေးပဲ။ ဘတ်ဂျက်ကို ကပ်တွက်ရမယ်၊ လိုင်းကားစီးရင် ပိုက်ဆံကုန်တယ်။ သူများကားအကြုံနဲ့ လိုက်တယ်။ သူများကျွေးတာ စားမယ်။ ဒါပဲလေ။ နိုင်ငံခြားမရောက်ခင် အိမ်ကပါတာလေး မကုန်အောင်လည်း ကြံဖန်တတ်ရသေးတယ်။

ဂလိုနဲ့ လေယာဉ်ပျံပေါ် ရောက်တယ်ပေါ့နော်။ Vietnam Airline မဆိုးပါဘူး။ ကိုယ်တွေ ပြည်တွင်းလိုင်းလောက်နီးနီး သားနားပါတယ်။ တစ်ခုလေးပဲ စိတ်ပူမိတယ်။ လေယာဉ်ပျံနေတုန်း မိုးများ ရွာလာရင် မီးဖြတ်လေမလား မသိဘူးလို့ ။ ပြောရတာ မဟုတ်ဘူး ။ ရန်ကုန်ကနေ ပျံတာဆို တော့ မြန်မာအငွေ့အသက်တွေ ရသွားရင် ပြောမရဘူး။ ဘေးဘယ်ညာ ဖမ်းရှိုးလိုက်တော့ အင်္ဂလိပ် သတင်းစာကိုယ်စီနဲ့

ငြိမ့်နေလိုက်ကြတာ။ ကိုယ်လည်း ဘယ်ရမလဲ ... ပဋ္ဌာန်းစာအုပ် ကောက်ဖတ် နေလိုက်တယ်။

"ဤလေယာဉ်သည် ဆေးလိပ်သောက်၍ မရသော လေယာဉ် ဖြစ်ပါသည် ရှင်"

အေးဆေး...။ ကိုယ့်နိုင်ငံမှာ ဆေးလိပ်သောက်ခွင့် မရတဲ့ နေရာတွေ သတ်မှတ်လိုက်ပြီ။ ဆေးလိပ်သောက်ချင်ရင် ဇဝရက်တောင်ထိပ်မှာသာ ခွင့်ပြုတော့မယ်ဆိုလို့ ဆေးလိပ်ဖြတ်ထားတယ်၊ အေးဆေးပါ။

"လူကြီးမင်းတို့ ၏ ထိုင်ခုံခါးပတ်များကို ခရီးစဉ်တစ်လျှောက်လုံး ပတ်ထားပါရှင်"

Good ဒါ လိုက်နာရမယ်။ အမြန်လမ်းက ယာဉ်မောင်းနှင်စဉ် ခါးပတ် ပတ်ထားပါဆိုတဲ့ ဆိုင်းဘုတ်တွေ သွားသတိရမိတယ်။ ခါးပတ် ပတ်ထားပါဆိုတော့ ယာဉ်မောင်းတွေ ပုဆိုးနဲ့ မောင်းလို့ မရတော့ဘူးလေ... လေလည်ချင်ရင် ခက်ပြီပေ့ါ။ ကိုယ့်ဆီက အသုံးအနှုန်းလေးတွေ သတိရ မိတာပါ။ အောင်မာ... ရှိသေးတယ်နော်။ နေပြည်တော် တချို့လမ်းတွေမှာ လူစီးယာဉ်လို့ စာလုံး အကြီးကြီး တွေနဲ့ ရေးထားတာ။ ဘေးလမ်းတွေက နတ်တို့၊ နဂါးတို့၊ ဂဠုန်တို့၊ ဂုမ္ဘာန်တို့၊ ယက္ခတို့ စီးတာလေ။ အပေါးပေါး... ဘာတွေ တွေးမိနေပါလိမ့်။

"ရာသီဥတု အခြေအနေကြောင့် ရေနွေးနှင့် အပူများ မစီစဉ်ပေးနိုင်တာ ခွင့်လွှတ်နားလည် ပေးပါရှင်"

ရပါတယ်ကွယ်...။

လာပါပြီ တွန်းလှည်းလေးနဲ့။

"ဘာသောက်မလဲ... We have soft drink... ရပါပြီ"

သဘောပါက်ပြီ။ Soft Drink မသောက်ချင်ဘူး။

Do you have Hard Drink?

ကြောင်တောင်တောင် ဖြစ်သွားတယ်။ ဘယ်ရမလဲဗျာ။ အထက်ဌာန တွေက လေ့ကျင့်ပေး ထားတာ။ Soft ပြီးရင် Hard? Hard ပြီးရင် Soft ကလင်ဒါကျက သိပြီးသား။ စာတွေ လာလိုက် တိုင်း Soft Copy/Hard Copy တို့ နဲ့ အတူ ဘယ်အချိန်အရောက် ပြန်လည်တင်ပြရန် ဘာညာဆို တာ အမြဲပြင်နေရတာ။ ရိုးနေပြီ။ အဲဒါကြောင့် Hard Drink ကောက်မေး ပစ်လိုက်ပြီး ရေတောင်းသောက် လိုက်တယ်။

ခရီးက ၂ နာရီကျော်ကြီး စီးရတော့ ခြေထောက်တွေ ညောင်းလာတ ယ်။ အင်း… ဟန်ခိုင်း ရောက်မှ အနှိပ်ခန်း ရှာဦးမှ ပါ။ အို… ရှိပ့ါမလား။ နေပြည်တော်မှာ တောင် အနှိပ်ခန်းတွေ ပိတ်လိုက် လို့ ကောင်မလေး တွေ အလုပ်အကိုင် အသစ်တွေ ရကုန်ပြီ။ အနှိပ်ခန်းတွေ ပိတ်လိုက်ရင် ဒုက္ခ။ အေး လေ… ယဉ်ကျေးတဲ့ နိုင်ငံတွေမှာ အနှိပ်ခန်းမှ မထားတာ။ ကြည့်လေ… ကမ္ဘာကို ဦးဆောင်မယ့် မြန်မာဟာ အနှိပ်ခန်းကင်းမဲ့နိုင်ငံ ဖြစ်အောင် ကြိုးစားနေပြီ။ အနှိပ်ခန်းမှ ကောင်မလေးတွေအတွက် ဘဝ အလှည့်အပြောင်းလေး ဖြစ်တာပေ့ါ။ အနှိပ်ခန်းမှာ ဟိုလူ ရိသ့ဲသ့ဲ… သ ည် လူ စော်ကား အဖြစ် ကနေ လွတ်ပြီလေ။ တိုးတိုးတိတ်တိတ် ဘာညာ ပေ့ါ… လူမှ မသိတာနော‌ဗျာ… ။

လေယာဉ်မှာ အိမ်သာတက်တော့လည်း စာလေးတွေ့ရတယ်။ အိမ် သာသုံးစက္ကူမှ အပ ကျန် မည်သည့်ပစ္စည်းမှ အိမ်သာထဲ မထည့်ရတဲ့ ။ ဒါလေးမြင်တော့ မြန်မာပြည်က KTV တွေမှာ ကပ်ထား တဲ့ စာလေး သွားသတိရမိရော။ ဘာတဲ့ … အမျိုးသား၊ အမျိုးသမီး စွန့်ပစ်ပစ္စည်းများ အိမ်သာထဲ မထည့်ရတဲ့ ။ ဘာပါလိမ့်မလဲ။ လာတဲ့ လူက သီချင်းလာဆို

တာ။ ညွှော်ခံတဲ့ လူက သီချင်းဆိုပြတာ။ ဘာ တွေကို စွန့်ပစ်ကြမှာ ပါလိမ့်။ သြော်… သဘောပေါက်ပြီ။ ဒီမှာ လည်း ဆန်ဆေးရင်း သေးပေါက် အလုပ်နှစ်ခု လုပ်ကြတာ ဖြစ်ပေလိမ့်မည်။

တောင်တွေးမြောက်တွေးနဲ့ ဟန္ဂိုင်းမြေသို့ ခြေချပါပြီ။ Arrival Card ဖြည့်ရန် မလိုပါတဲ့ ဗျာ။ အတော် စက္ကူချွေတာတဲ့ နိုင်ငံ။ ကိုယ့်ဆီမှာ ဆို Arrival Card ဖြည့်ချင်တာ ဖြည့်။ ဘယ်သူက သေချာ ကြည့်မှာ လဲ။ Card ထုတ်ရတဲ့ ပုံနှိပ်လုပ်ငန်းလည်း အဆင်ပြေ၊ ကိုယ်လည်း စက္ကူစုတ် ရတာပေ့ါ။

ဒီလိုနဲ့ သာပဲ… တည်းခိုရာဟိုတယ်ကို ရောက်ရှိလာပါတော့တယ်ဗျာ ။

**(ဂျပန်တုန်းကလိုပါပဲ ခံစားပြီး ရေးဖြစ်မယ်ထင်ပါတယ်။ မဖြစ်မနေမို့လို့ တော့ ရေးဖို့ စိတ်ကူး မရှိပါကြောင်း။)**

၃၀-၅-၂၀၁၆ ၀၈:၃၀ (ဟန္ဂိုင်းစံတော်ချိန်)

*

# ဗီယက်နမ်မှာ ရေးတဲ့စာ

## (၂)

ဒီမနက် သင်တန်းစပါတယ်။ ဩော်... မေ့နေလိုက်တာ၊ သင်တန်းခေါင်းစဉ်က နိုင်ငံဖြတ် ကျော်ပြီး ကလေးသူငယ်များ အပေါ် လိင်ပိုင်းဆိုင်ရာ အလွဲအသုံးချမှု တိုက်ဖျက်ရေး သင်တန်း (Transnation al Child Sexual Exploitation) ဆိုပါတော့။ နိုင်ငံပေါင်း (၁၉) နိုင်ငံက လာတက် ကြတယ်။

မနက်ပိုင်း သင်တန်းဖွင့်ပွဲမှာ Sponsor တွေဖြစ်တဲ့ ဩစတြေးလျ၊ နယ်သာလန်၊ ဗီယက်နမ် နဲ့ RMIT တက္ကသိုလ်က တာဝန်ရှိသူတွေ စကားပြောကြတယ်။ ဖွင့်ပွဲအခမ်းအနားက ကိုယ့်ဆီမှာ လောက် စနစ်မကျချင်ဘူး။ အခမ်းအနားမှူး မရှိဘူး။ Agenda မရှိဘူး။ RMIT က အမျိုးသမီး တစ်ယောက်က အလွတ်ကြီး ရွှန်းရွှန်းဝေအောင် ပြောပြီး တစ်ယောက်ပြီးတစ်ယောက် ဖိတ်တော့တာ ပဲ။ အဲ... အခမ်းအနားကို ဗီယက်နမ် ရဲဗိုလ်ချုပ် (၂) ယောက် တက်တယ်။ အံ့ဩစရာပဲဗျာ။ PSO မတွေ့ဘူး။ ဖိုင်တွေ၊ အိတ်တွေ၊ ဖုန်းတွေနဲ့ ကိုကိုတွေ တစ်ယောက်မှ မတွေ့ဘူး။ အလေးမထားကြ လေခြင်း။ ကိုယ့်ဆီမှာ ဆို အခမ်းအနား သေးသေးလေးကအစ MC တွေ ဘာတွေရွေး... ကြိုတင် ဇာတ်တိုက်... မင်္ဂလာပါရှင်... ယနေ့ ပြုလုပ်တဲ့ အခမ်းအနားကတော့... အစီအစဉ် (၁) အရ... ဘာညာ... ပြီးလည်း ပြီးရော... ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ

ပြီးဆုံးကြောင်း ကြေညာအပ် ပါတယ်ရှင်... ဖြောင်း... ဖြောင်း... ဖြောင်း... ၊ ကိုင်း... ဘယ်လောက် ကျက်သရေတင့် သလဲ။

ခုတော့ ပြောတဲ့ သူတွေကလည်း ဒီသင်တန်းဟာ ဒေသတွင်း နိုင်ငံတွေသာမက၊ နိုင်ငံအသီး သီးမှာ ရှိတဲ့ ကလေးတွေအပေါ် လိင်မှုဆိုင်ရာ အလွဲသုံးပြီး ကျူးလွန်တာတွေကို တိုက်ဖျက်ဖို့ နိုင်ငံ အချင်းချင်းကြားမှ ရှိတဲ့ အရာရှိတွေအကြား ကောင်းမွန်တဲ့ ဆက်သွယ်မှု ကွန်ရက်ရရှိစေဖို့ လုပ်တာ ဖြစ်တယ်... ဘာရယ် ညာရယ်နဲ့ တိုတိုတောင်းတောင်း။

အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်ကနေ အစချီ... ဒီကနေ့ ပြုလုပ်တဲ့ အခမ်းအနားမှာ အဖွင့်အမှာ စကား ပြောကြားခွင့်ရတဲ့ အတွက် ဝမ်း မြောက်ကြောင်း မြန်မာနိုင်ငံဟာဆိုရင်... စသည် စသည် ဖြင့် စာရွက်ကိုင်ပြီး စနစ်တကျ ဖတ်မယ် လို့ ကိုယ်မျှော်လင့်ထားသလို မဟုတ်ဘူး ။ အတော် ခွကျတယ်။ သင်တန်းကနေ ရမယ့် Expectation တွေ၊ သင်တန်းမှာ ဘာတွေ သင်ကြားမယ် ဆိုတာတွေ၊ တဟားဟားနဲ့ ရယ်လိုက်သေး၊ ဟာသတွေ ကလည်း နှောသေး။ အခမ်းအနားပြီးတော့ ကာဖီရည်သောက်တယ်။

ပထမနေ့အစမှာ ဩစတြေးလျနဲ့ နယ်သာလန်ရဲ့ အရာရှိကြီးတွေက ပထမဆုံး ဆွေးနွေး တယ်။ ၂ယောက်ပေါင်းလုပ်တယ်၊ အမိက,ကတော့ အဖွဲ့အစည်းနဲ့ ပတ်သက်လို့ ပေါ့။ အကြီး၊ အငယ် မခွဲပါနဲ့ စကားနား ထောင်ပါ။ ပြဿနာတစ်ရပ်ကို ရှင်းမယ်ဆိုရင် စိတ်ကို အေးအေးထားပြီးမှ ဆုံး ဖြတ်ပါ။ အပြန်အလှန် လေးစားမှုက အရေးကြီးတယ်... စသည် ဖြင့်ပေါ့။ တကယ်ကျတော့ သူတို့ တွေဟာ အစွမ်းအစ နည်းတယ်ဆိုတာ ပြလိုက်တာပဲ။ ကိုယ်တို့ ဆီမှာ ဆို ဘာစကားမှ သိပ်နားထောင် စရာ မလိုဘူး။ အမိက အငယ်စကား နားထောင်

စရာ မလိုဘူး။ ဘုရားဆုပန် မင်းယောက်ျားတွေမို့ အရာရာ မွေးကတည်းက အကုန် သိထားပြီးသား။

ဘာတဲ့ … ဟိုကြော်ငြာလေးလို ဘာမပြောနဲ့ … ကုမုဒြာဖတ်ပြီးသား ဆိုသလို… လာမပြော နဲ့ ငါသိပြီးသား။ လုပ်လိုက်ရင် သောက်တလွဲ။ မင်းတို့ ငါပြောတာ နားလည်လား။ ငါ… ငါ… ဆိုတာလေးတွေတောင် အဆစ်ပါသေး။ အပြန်အလှန် လေးစားမှုနဲ့ ပတ်သက်လို့ လည်း စာအုပ်ထဲမှာ ရှိပြီးသား။ ကြီးသူ ရိုသေ… Yes, Absolutely ။ ရွယ်တူကို လေးစား… လေးစားတယ် ခွင်တော့ လာမကျော်လေနဲ့ ။ ငယ်သူကို သနား… သနားတာပေ့ါ သနားလွန်းလို့ ။ တိုးတက်စေချင် လွန်းလို့ … အိုးကောင်းဖြစ်အောင် ခပ်ပြင်းပြင်းရိုက်နေတာ။ ကွဲသွားရင်တော့ ကမ္မသကာပေ့ါလေ။ စာအုပ်ထဲက ကျင့်သုံးစရာဆိုတာက အားမှ ဖတ်ဖြစ်မှာ ပေ့ါလေ။ အဟင်းဟင်း…

နောက်ပြီး ပြောသေးတယ်။ ခွင့်ရက်ရှည်တွေ ယူရမယ်တဲ့ ။ မော်တော်ကားများ လိုပဲ။ အားကုန် သွားတတ်တယ်တဲ့ ။ အနားယူပြီး Charging ဖြည့်မှ ပြန်စိမ်းလာမှာ ပေ့ါတဲ့ ။ ခပ်ဖျော့ဖျော့လူတွေ။ ခွင့်ဆိုတာ အခွင့်အရေး မဟုတ်ဘူး ဆိုတဲ့ စကားကို နားလည်အောင် ဘယ်လို ရှင်းပြရမလဲကွယ်။ ဩစတြေးလျက ပုဂ္ဂိုလ်ဆို ၅ ပတ်တောင် နားဖူးတယ်တဲ့ ။ အံ့ရော… ။ ဆုံးဖြတ်ချက်မှန်အောင် စိတ် အေးအေးထားရသတဲ့ ။ အောင်မယ်လေး… လေး… အံ့ဩလွန်းလို့ သေနိုင်တယ်။ အပေါ်က ကျလာတဲ့ Pressure ဆိုတာ စိတ်အေးအေး ထားစရာမှ မဟုတ်တာ။ Pressure ဆိုတာမျိုးက ဖြန့်ရတယ်။ ခံစရာရှိ မျှခံ… အို… နင်တို့ သာ အကုန်ခံဟလို့ မှတ်ရတယ်ဗျ။ ဒါမှ နေသာထိုင်သာ ရှိမှာ ပေ့ါ။ စံစရာရှိရင်လား… အို… ကိုယ့်ကုသိုလ်နဲ့ ကိုယ်လေ… အတိက်ကံခြင်း လာမယှဉ်လေနဲ့ ။

ဩစတြေးလျမှာ လည်း အဓမ္မ ထိမ်းမြားလက်ထပ်မှု (Forced Marriage) ပြဿနာရှိတယ် လို့ နားစွန်နားဖျား ကြားလိုက်ရတယ်။ မနေနိုင်လို့ မေးကြည့်လာတာပေါ့လေ။ အလွန်ကောင်းတဲ့ မေးခွန်းဆိုပဲ။ တစ်ခါမှ မကြားဖူးလို့ ရှက်တောင် လာတယ်။ ပြီးတော့ ဖြေပါတယ်။ ဩစတြေးလျမှာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ရှိပါတယ်တဲ့ ။ တချို့ဘာသာတွေမှာ က ကလေးငယ်တွေကို လက်ထပ် ကြပါသတဲ့ ။ ဒါဟာ Forced Marriage ပါပဲတဲ့ ၊ ပါးနပ်စွာ ဖြေကြားသွားတယ်။ (ဒါနဲ့ ပတ်သက်လို့ ကတော့ ဘာမှ မပြောလိုတော့ပါဘူး။)

ကော်ဖီသောက်ချိန် ခဏနားတော့ ထိုင်ဝမ်က မိတ်ဆွေနဲ့ စကားပြောဖြစ်တယ်။ မင်းတို့ နိုင်ငံ က ကျောက်စိမ်းနဲ့ ကျွန်းက အရမ်းနာမည်ကြီးတယ်ကွာတဲ့ ။ ကျောက်စိမ်းအရည်အသွေးက တော် တော်ကောင်းတယ်ကွတဲ့ ။ ငါတောင် မင်းတို့ ဆီက ကျွန်းနဲ့ လုပ်တဲ့ ပရိဘောဂ ဝယ်ထားသေးတယ်တဲ့ ။ အဟက်... ငတုံး ... ကျောက်စိမ်းဆိုတာ ကိုယ်တွေ မလိုချင်လို့ ... ကိုယ်တွေ လှည့်မကြည့်ချင်လို့ ... လိုချင်တဲ့ သူတွေကို ကြိုက်သလောက် ယူခွင့်ပေးထားတာ။ ဖားကန့်တောင် ငရဲပြည်ရောက် တော့မယ်။ ကျွန်းရော ဘာထူးလဲ။ ကျွန်းဆိုတာ ဝယ်စရာလို့ ကိုကိုယ်တွေ တစ်ခါမှ မတွေးဖူးပါဘူး ဗျာ။ ကျွန်းဆိုတာ ခိုးထုတ်ပြီး ရောင်းစားရတဲ့ ပစ္စည်းလို့ ပဲ သိထားတာ။ ဘယ့်နှယ့်စကားတွေ လာပြောနေမှန်း မသိပါဘူး။ ကိုယ့်ဆီမှာ က ကျွန်းဆိုတာ အိမ်ဆောက်ဖို့တောင် သုံးတာ မဟုတ်ဘူး ။ မယုံ ရင် နေပြည်တော်က စီမံကိန်းအိမ်တွေ ကြည့်ပါလား။ အိမ်မဆောက်ရင် သိမ်းမယ်ဆိုလို့ မည်ကာမတ္တ ဆောက်ထားတဲ့ အိမ်တွေ ပေါမှ ပေါ။ တံခါး ပိုးစားနေပြီ။ အိမ်တိုင် ရွှဲ့နေပြီ။ ခေါင်တွေ ပေါက်နေပြီ။ တချို့ အိမ်တွေဆို နတ်ကွန်းနဲ့ မှားပြီးသွားတောင် ကန်တော့မိသေး။ ကိုးကွယ်ချင်စိတ်တွေတောင် ပေါက်တ

ယ်။ ဘာလုပ်မှာ လဲ ကျွန်း။ အပင်ပန်းခံရှာပြီး ဆောက်နေစရာလား။ စေတနာနဲ့ ဆောက် ပေးတဲ့ အိမ်လေးတွေမှာ လူမှ မနေတာ။ ဘာဖြစ်ဖြစ် ငှက်တွေ မိုးခိုလို့ ရတာပေါ့။ တိရစ္ဆာန် ချစ်ကြ တာလေ။ သူခိုးတွေ ယူလို့ ရတာပေါ့။ သဒ္ဓါတရား ထားတာလေ။ ခုဆို မြို့ခြောက်ကြီးဟာ ပန်းချီကား တစ်ချပ်လိုပဲ လှပနေပြီလေ။ ကြည့်တတ်ရင်ပေါ့။ အနုပညာဓာတ်ခံ ရှိရင် အရာအရာတိုင်းဟာ လှ ပါတယ်။ တရားအမြင်နဲ့ ကြည့်ရင် ဘယ်အရာမှ မမြဲဘူးဆိုတာ မြင်နိုင်တယ်။ သာဓု သာဓု သာဓု။

ညနေပိုင်းကျတော့ အချင်းချင်း ဆက်သွယ် ဆက်ဆံမှုကို ဆွေးနွေးတယ်။ အင်္ဂလိပ်စကား ဆို တာ သင်တန်းသားတို့ အတွက် ဒုတိယဘာသာစကား ဖြစ်တယ်တဲ့ ။ ခက်ခဲကြမှာ ပဲတဲ့ ။ စကားနဲ့ ပြော ရင် နားလည်မှု လွဲတတ်တယ်တဲ့ ။ Body Languages နဲ့ ဆက်သွယ်လို့ ရတယ်တဲ့ ။ နောက်တော့ တစ်ဦးချင်းစီကို တိရစ္ဆာန်ပုံလေးနှစ်ခု ပေးတယ်။ ကိုယ်ရှာရမယ့် တိရစ္ဆာန်အမည် ရေးထားတဲ့ ကတ် တစ်ခု ပေးတယ်။ ကိုယ့်ဆီမှာ က မြွေနဲ့ ဆင်။ ကိုယ်ရှာရမှာ က ရေမြင်းနဲ့ ကြက်တူရွေး။ အိုး... အလွယ်လေး။ ကိုယ့်ရှိတာလည်း ကုန်။ ကိုယ်လိုချင်တာလည်း ရ။ ကိုယ်သာ ပထမ... ။ ဟုတ် တယ်လေ။ Body Languages အပိုင်းမှာ ကိုယ်က အားသာတယ်လေ။ လူကြီး အရိပ်အခြည် ကြည့် ပြီး အချင်းချင်း လက်ဟန်ခြေဟန်နဲ့ ဆက်သွယ်တတ်နေတာ ကြာလှမင့်ဟာကို။ မဆက်သွယ်တတ် လို့ နားရင်းတွေ ပူခဲ့ဖူးတယ်လေ။ သူ ပေးချင်တဲ့ Key Message က ဘာသာစကားဆိုတာ အခက် အခဲတစ်ခု မဟုတ်ပါဘူးတဲ့ ။

နောက်တော့ နိုင်ငံတစ်ခုစီအလိုက် ကိုယ့်ယဉ်ကျေးမှုအကြောင်း သိစေချင်တာ (၅) ခုစီ ပြော ခိုင်းတယ်။ မနှစ်သက်တာတွေလည်း ပြောခိုင်းပါတယ်။ ဒီနေရာမှာ တော့ ကိုယ်က နောက်အကျဆုံး။ ပြောစရာတွေ များ လွန်းလို့ ဘာပြောရမှန်း မသိတော့တာ။ သင်္ကြန်တွင်းတိုင်း

ဘုန်းကြီးဝတ်တတ်ကြ တယ်တို့ ၊ မိန်းကလေးတွေဟာ ဆံပင်ရှည်ကို တန်ဖိုးထားတတ်ကြတယ်တို့ ကောင်းတာလေးတွေ ရွေးပြောရတာပေါ့ ။ ဟိုဒင်းတွေကျတော့ အချိန်မလောက်ဘူးလေ။ ကွမ်းတွေ အရမ်းထွေး တတ်တယ် တို့ ၊ စပယ်ယာတွေ လက်သံပြောင်တယ်တို့ ၊ မီးနီသင်္ကေတ ကို မောင်းပါလို့ မှတ်ထားတတ်တယ်တို့ ၊ မီးတွေ ခဏခဏ လာတတ် တယ်လို့ ၊ အွန်လိုင်းမှာ အရမ်း ချစ်တတ်ကြတယ်တို့ ။ အို… ပြောနေရင် ခုညတော့ အိပ်နိုင်မယ်မထင်ဘူး။

ညနေသင်တန်းပြီးတော့ Dinner လိုက်ကျွေးတယ်။ မနေ့ကတည်းက သတိထားမိနေတာ။ ဟန္ဓိုင်းမှာ ဆိုင်ကယ် သိပ်များ လွန်းတယ် တို့ ။ ဆို င်ကယ်များ တော့ ဘာဖြစ်လဲ။ လမ်းတွေ မပိတ်ဘူး လေ။ ပြည်သူ့ရဲ့ ရင် ဖွင့်သံကို နားမထောင်ရဲကြဘူး ထင်ပါရဲ့ ။ ရန်ကုန်မှာ သာ ဆိုင်ကယ်စီး ခွင့် ပေး လိုက်ကြည့်။ လမ်းတွေ အတော်ချောင်သွားမှာ ။ ဒါပေမဲ့ ပြည် သူ့အတွက် ပေါက်ကွဲစရာ တစ်ကွက် ပျောက်သွားရှာလိမ့်မယ်လေ။ ခွင့် မပြုသင့်ပေဘူး။ နောက်ပြီး ဟန္ဓိုင်းမှာ ဆိုင်ကယ်စီးသူ ၉၀ % ကျော်က ဦးထုပ်ဆောင်းကြတယ်။ ဒါဟာ ကြောက်တတ်ကြတဲ့ သဘော၊ အသက် တစ်ချောင်းကို တွက်ကတ်နေတဲ့ အနေအထား၊ ကိုယ့်ဆီမှာ က အသက် နှစ်ချောင်း၊ သုံးချောင်းတွေချည်းပဲ။ သေတာ ဟာ မမြခြင်းရဲ့ အထင်ရှား ဆုံးပဲ။ အနိစ္စသဘောပဲ။ ဒါကို ကိုယ်တွေ သဘောပေါက်တယ်။ သူတို့ မှာ ဒီအပိုင်း အားနည်းတယ်။

Dinner ကပြန်လာတော့ မြို့လယ် City Center မှာ လမ်းပေါင်း ၃၈ လမ်း ရှိတယ်တဲ့ ။ ရှင်းပြတယ်။ T-Shirt Street, Bamboo Street, Resta urant Street, Paper Street စသည် စသည် ဖြင့် ရောင်းချတဲ့ ပစ္စည်းအ ပေါ် မူတည်ပြီး အမည်တွေ မှ ည့်ခေါ်ကြသတဲ့ ။ နောက်နေ့မှ သေချာ လို က်ပြမယ်လို့ ဆိုတယ်။

အင်း… ကိုယ်လည်း သွားသတိရမိတယ်။ ကိုယ့်ဆီမှာ ဆို ကွမ်းယာ Street တို့ ၊ Beer Street ဆို နိုင်ငံအနှံ့ပဲ၊ လမ်းပျောက် Street ၊ ချိုင့်ခွက် Street, မြောင်းပုပ်နံ့ Street, ခြင် Street, သူတောင်းစား Street, ဟို Street, ဒီ Street အရ…

ကိုယ့်ဆီက Street တွေ ရေတွက်ရင်း ဖိုးသီတစ်ယောက် Sleep သွားပါတော့သည် ခင်ဗျာ…

ကွက်လပ်ကလေးတွေ ဖြည့်စေလိုသော ဆန္ဒဖြင့်သာ ဖြစ်ပါကြောင်း

ဟီးဟီး… အပြန်ကျ အတွယ်ခံရမှာ လည်း ကြောက်ရသဗျ…

၃၁-၅-၂၀၁၆။ ၂၀ : ၂၃ (ဟန္တိုင်းစံတော်ချိန်)

*